KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## နောက်ဆုံးရဒေသတွင်းသတင်းတို

မေလ ၆ ရက်, ၂၀၂၆ ခုနှစ် / KHRG စာအမှတ်- 25-420+447-D1

# ဘားအံခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - တနေးချားမြို့နယ်တွင် မြန်မာစစ်တပ်မှ လေကြောင်းတိုက်ခိုက်မှုနှင့်လက်နက်ကြီးပစ်ခတ်မှုပြုလုပ်၍ ရပ်ရွာအိုးအိမ်များပျက်စီးပြီး ရွာသားများထွက်ပြေးတိမ်းရှောင်ရခြင်း (၂၀၂၅ ခုနှစ်၊ စက်တင် ဘာလမှ ဒီဇင်ဘာလအထိ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ဘားအံခရိုင်၊ တနေးချား (နဘူး) မြို့နယ်တွင်ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များကို ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာစစ်တပ်မှ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်တွင် နေထိုင်ကြသည့် ရွာသားတော်တော်များများသည် ဘားအံခရိုင်၊ တနေးချားမြို့နယ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် မြန်မာစစ်တပ်သည် ထီးဝါးဘာလောကျေးရွာအုပ်စုရှိ ရွာသားတစ်ဦး၏လယ်ယာထဲတွင် ဗုံးတစ်လုံးပစ်ချ၍ လယ်ယာစပါးများပျက်စီးသွားခဲ့သည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်သည် ထီးဖိုးကျော်ကျေးရွာအုပ်စုရှိ အအ--- ကျေးရွာတွင် လေကြောင်းဖြင့်တိုက်ခိုက်၍ ဈေးဆိုင် (၄)ဆိုင်မီးလောင်ပျက်စီးပြီး ဘုန်းကြီးကျောင်းအဆောက်အဦးနှင့်စာသင်ကျောင်းမှဒ်ဝမှာလည်း ထိမှန်ပျက်စီးသွားခဲ့သည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာစစ်တပ်သည် နို့ကေးကျေးရွာအုပ်စုရှိ အဘ--- ကျေးရွာကို လေကြောင်းဖြင့်တိုက်ခိုက်၍ ရွာသားတစ်ဦး၏နေအိမ်တစ်လုံးနှင့်ရော်ဘာပင်များ ထိမှန်ပျက်စီးသွားခဲ့သည်။ ထိုနေ့နေ့လယ်ပိုင်းတွင် မြန်မာစစ်တပ်သည် နို့ကေးကျေးရွာအုပ်စု၊ အဆ---ကျေးရွာကို လေကြောင်းဖြင့်တိုက်ခိုက်ခဲ့ပြန်၍ ဘုန်းကြီးကျောင်းတစ်လုံးနှင့် ဘုန်းကြီးကျောင်းအနီးရှိ အဆောက်အဦး (၅)လုံးကိုလည်း ထိမှန်ပျက်စီးသွားခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာစစ်တပ်သည် ထီးဝါးဘာလောကျေးရွာအုပ်စုရှိ အဒ--- ကျေးရွာတွင်းသို့ လက်နက်ကြီး (၈၁) မမတစ်လုံးပစ်ခတ်၍ လူနေအိမ် (၂)လုံးနှင့်ရွာသားများပိုင်ဆိုင်သောဆိုင်ကယ် (၃)စီးအား ထိမှန်ပျက်စီးခဲ့သည်။ ဤသို့လေကြောင်းတိုက်ခိုက်မှုနှင့်လက်နက်ကြီးပစ်ခတ်မှုတို့ကြောင့် ကျေးရွာစာသင်ကျောင်း (၂) ကျောင်းပိတ်ပင်ခဲ့ရပြီး ရွာသားများလည်း နေအိမ်ကိုစွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။* [1]

[1] ဤအစီရင်ခံစာသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလနှင့်ဒီဇင်ဘာလအတွင်းတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော ဘားအံခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓါတ်ပုံနှင့်နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသောအချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။ ဤနောက်ဆုံးရဒေသ

## ဒူးပလာယာခရိုင်အတွင်း ရွာလုံးကျွတ်နီးပါးထွက်ပြေးတိမ်းရှောင်ရခြင်း

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ မနက် (၆)နာရီအချိန်တွင် မြန်မာစစ်တပ်သည် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ ဘည---ကျေးရွာနှင့်အဂ---ကျေးရွာများသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သည်။ ဤလက်နက်ကြီးပစ်ခတ်မှုကြောင့် အဂ--- ကျေးရွာမှ ရွာသားတော်တော်များများသည် ဘားအံခရိုင်၊ တနေးချား (နဘူး) မြို့နယ်ရှိ ထီးဝါးဘလောကျေးရွာအုပ်စုနှင့်အခြားကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ တစ်ချို့ရွာသားများသည် ထွက်ပြေးတိမ်းရှောင်ရချိန်တွင် ဆန်တစ်အိတ်သာ (၅၀ ကီလို) သယ်ဆောင်နိုင်ခဲ့သော်လည်း တစ်ချို့ရွာသားများမှ မည်သည့်အရာမျှ သယ်ယူသွားနိုင်ခြင်းမရှိခဲ့ပေ။ အိမ်ထောင်စု (၃၀၀) ကျော်သည် တနေးချားမြို့နယ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း (မြန်မာစစ်တပ်မှ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့်) တနေးချားမြို့နယ်၊ ထီးဝါးဘလောကျေးရွာအုပ်စုရှိ အဒ---ကျေးရွာနှင့်အဟ---ကျေးရွာတို့မှ တစ်ချို့ရွာသားများသည်လည်း အခြားရွာသို့ ပြေးပုန်းတိမ်းရှောင်ခဲ့ရသည်။ ရွာသားအများစုသည် တနေးချားမြို့နယ်ရှိ ကျေးရွာအုပ်စု (၄)အုပ်စုသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

- ထီးကျားရာကျေးရွာအုပ်စုတွင် စစ်ဘေးရှောင်အိမ်ထောင်စု (၁၈၉) စုရှိပြီး အမျိုးသမီး (၃၅၇) ဦးနှင့်အမျိုးသား (၂၉၆) ဦးရှိသည်။
- ကမ်းဝေါ်ကျေးရွာအုပ်စုတွင် စစ်ဘေးရှောင်အိမ်ထောင်စု (၁၂၁) စုရှိပြီး အမျိုးသမီး (၃၇၆) ဦးနှင့်အမျိုးသား (၁၉၂) ဦးရှိသည်။
- ဆောခိုကျေးရွာအုပ်စုရှိ
  - အဇ--- ကျေးရွာတွင် စစ်ဘေးရှောင်အိမ်ထောင်စု (၆) စုရှိပြီး အမျိုးသမီး (၁၄) ဦးနှင့်အမျိုးသား (၈) ဦးရှိသည်။
  - အသ--- ကျေးရွာတွင် စစ်ဘေးရှောင်အိမ်ထောင်စု (၇) စုရှိသည်။
- ထီးဝါးဘလောကျေးရွာအုပ်စုရှိ
  - အက--- ကျေးရွာတွင် စစ်ဘေးရှောင်အိမ်ထောင်စု (၂၀) စုရှိသည်။
  - အလ--- ကျေးရွာတွင် စစ်ဘေးရှောင်အိမ်ထောင်စု (၂၀၈) စုရှိသည်။

ဤစစ်ဘေးရှောင်ရွာသားများဦးရေအရေအတွက်များသည် ကျေးရွာအုပ်ချုပ်ရေးမှူးများမှပြောပြ၍ သိရှိရခြင်းဖြစ်သည်။ စစ်ဘေးရှောင်ဦးရေအရေအတွက်ကို တိတိကျကျမသိရှိနိုင်ပါ။ အကြောင်းမှာ ရွာသားများသည် ထိုကျေးရွာအုပ်စုများသို့ နေ့စဉ်နှင့်အမျှ လာရောက်တိမ်းရှောင်နေရခြင်းဖြစ်သည်။ တစ်ချို့ရွာသားများလည်း ကြောက်ရွံ့၍ အခြားရွာများသို့ တဖန်သွားရောက်တိမ်းရှောင်ခဲ့သည်။ မကြာသေးမီက (အစီရင်ခံစာရေးသားနေစဉ်အတွင်း) အဂ--- ကျေးရွာ၊ အဒ--- ကျေးရွာနှင့်အဟ---- ကျေးရွာများမှ တစ်ချို့ကျောင်းသူ၊ ကျောင်းသားများသည် အမ--- ကျေးရွာရှိ စာသင်ကျောင်းတွင် လာရောက်ကျောင်းတက်ခဲ့ကြသည်။ ထိုစာသင်ကျောင်းသည်ယခင်မြန်မာအစိုးရတည်ထောင်ခဲ့သောကျောင်းဖြစ်သည်။

---

တွင်းသတင်းတိုသည် မြေပြင်တွင်လက်ခံရရှိသော အစီရင်ခံစာ (၅) စောင်ဖြင့် ပေါင်းစပ်ရေးသားထားပါသည်။ ထိုအစီရင်ခံစာများ၏စာအမှတ်မှာ #25-322-D1 ၊ #25-330-M1 ၊ #25-420-D1 ၊ #25-421-D1 နှင့် #25-447-D1 တို့ဖြစ်သည်။

ထိုကျောင်းတွင် သူငယ်တန်းမှ န၀မတန်းအထိရှိပြီး ကျောင်းသား၊ ကျောင်းသူများဦးရေ (၁၆၀) ခန့်ရှိသည်။ ရွာပေါင်း သုံးရွာမှ ဆရာ၊ ဆရာမများသည် ထိုကျောင်းတွင်လာရောက်၍ ကလေးများအား ပညာသင်ကြားပေးနေလျှက်ရှိသည်။



အထက်ပါဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း ဘားအံခရိုင်၊ တနေးချား (နဘူး)မြို့နယ်၊ ထီးဝါးဘလောကျေးရွာအုပ်စု၊ အဇ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ မနက် (၆)နာရီအချိန်တွင် မြန်မာစစ်တပ်သည် ဒူးပလာ ယာခရိုင်၊ ကော်တရီမြို့နယ်၊ ဘည---ကျေးရွာနှင့်အဂ---ကျေးရွာများသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သည်။ ဤလက်နက်ကြီးပစ်ခတ်မှု ကြောင့် အဂ--- ကျေးရွာမှ ရွာသားတော်တော်များများသည် ဘားအံခရိုင်၊ တနေးချားမြို့နယ်ရှိ ထီးဝါးဘလောကျေးရွာအုပ်စုနှင့်အခြား ကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အပေါ်တန်းမှ ဓာတ်ပုံနှစ်ပုံသည် စစ်ဘေးရှောင်ရွာသားများက ရေများသိုလှောင်ရန် အတွက် ခြင်းတောင်းများပြုလုပ်နေသောအခြေအနေကိုဖော်ပြထားသည်။ အောက်တန်းမှ ဓာတ်ပုံနှစ်ပုံသည် တစ်ချို့စစ်ဘေးရှောင်ရွာ သားများ နေထိုင်အိပ်စက်ရသည့်နေရာနှင့်အခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

## မြန်မာစစ်တပ်လေကြောင်းတိုက်ခိုက်မှုကြောင့် ဖြစ်ပွားသောထိခိုက်ပျက်စီးမှုများ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ မနက် (၁)နာရီဝန်းကျင်တွင် မြန်မာစစ်တပ်သည် ထီးဝါးဘလောကျေးရွာ အုပ်စုကို လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဗုံးတစ်လုံးသည် စောစျ---၏လယ်ယာတွင် ကျရောက်ပေါက်ကွဲ၍ စပါးပင်များပျက်စီးသွားခဲ့သည်။ စောစျ---၏လယ်ယာကွက်သည် သိပ်မကျယ်သော်လည်း ဤနှစ်တွင် (၂၀၂၅ ခုနှစ်) သူ၏လယ်ယာတွင် စပါးမျိုးစေ့ (၂)တင်းစာ စိုက်ပျိုးခဲ့သည်။ လယ်ယာအတွင်း ဗုံးကျရောက်ပေါက်ကွဲသည့်နေရာသည်

စပါးအထွက်ကောင်းသည့်နေရာဖြစ်ပြီး ဗုံးကြောင့် ထိုစပါးပင်များ ပျက်စီးသွားသည်ဟု စောစျ---က ပြောပြခဲ့သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းအနေဖြင့် အလွန်ဝမ်းနည်းမိကြောင်းသိရှိရသည်။



KHRG သည် အထက်ပါဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ မနက် (၁) နာရီဝန်းကျင်တွင် မြန်မာစစ်တပ်ပိုင်လေယာဉ်တစ်စီးသည် ဘားအံခရိုင်၊ တနေးချားမြို့နယ်၊ ထီးဝါးဘလောကျေးရွာအုပ်စုတွင်းရှိ စောစျ---၏လယ်ယာထဲတွင် ဗုံးတစ်လုံးပစ်ချ၍ သူ၏လယ်ယာစပါးပင်များပျက်စီးသွားခဲ့သည်။ ပုံများတွင် လယ်ယာထဲတွင်ဗုံးကျရောက်ပေါက်ကွဲသောနေရာကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နေ့လယ် (၁)နာရီအချိန်တွင် မြန်မာစစ်တပ်ပိုင် Y-12 လေယာဉ်တစ်စီးသည် ဘားအံခရိုင်၊ တနေးချားမြို့နယ်၊ ထီးဖိုးကျော်ကျေးရွာအုပ်စု၊ အအ---ကျေးရွာကို လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သည်။ (ကျေးရွာဒေသအတွင်းတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မြန်မာစစ်တပ်သည် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။) ထိုလေယာဉ်တစ်စီးသည် လေကြောင်းတိုက်ခိုက်မှုနှစ်ကြိမ်ပြုလုပ်ခဲ့ပြီး စုစုပေါင်းဗုံး (၈)လုံး ကြဲချတိုက်ခိုက်ခဲ့သည်။ ဤဗုံးကြဲတိုက်ခိုက်မှုတွင် လမ်းဘေးနားရှိ ဈေးဆိုင် (၄)ဆိုင်ထိမှန်၍ မီးလောင်ပျက်စီးသွားခဲ့သည်။ ထို့အပြင် ဘုန်းကြီးကျောင်းအဆောက်အဦးတစ်လုံးနှင့်ကျောင်းအဝင်မုဒ်ဝလည်း ထိမှန်ပျက်စီးခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် တစ်ချို့ရွာသားများသည် ၎င်းတို့ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။




KHRG သည် အထက်ပါဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဘားအံခရိုင်၊ တနေးချားမြို့နယ်၊ ထို့ကော်ကိုးကျေးရွာ အုပ်စု၊ အဃ---ကျေးရွာတွင်နေထိုင်သည့်ရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် မြန်မာစစ် တပ်ပိုင် Y-12 လေယာဉ်တစ်စီးသည် တနေးချားမြို့နယ်၊ ထို့ကော်ကိုးကျေးရွာအုပ်စု၊ အအ---ကျေးရွာကို လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သည်။ ဤလေကြောင်း တိုက်ခိုက်မှုတွင် လမ်းဘေးရှိဈေးဆိုင် (၄) ဆိုင်ကို ဗုံးထိမှန်၍မီးလောင်ပျက်စီးသွားခဲ့သည်။ ဗုံးအစများသည် ဘုန်းကြီးကျောင်းခြံစည်းရိုးနှင့် ကျောင်းအဝင်မုဒ်ဝကိုလည်းထိမှန်ကာ အနည်းငယ်ပျက်စီးသွားခဲ့သည်။ လက်ဝဲပုံတွင် ကျောင်းအဝင်မုဒ်ဝကို ဗုံးစများထိမှန်၍ပျက်စီးသွားသော အခြေအနေကိုဖော်ပြထားသည်။ လက်ယာပုံတွင် ဘုန်းကြီးကျောင်းခြံစည်းရိုးကို ဗုံးစများထိမှန်၍ ပျက်စီးသွားသည့်အခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်နေ့တွင် မြန်မာစစ်တပ်သည် ဘားအံခရိုင်၊ တနေးချားမြို့နယ်၊ နို့ကေးကျေးရွာအုပ်စုကို လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သည်။ မနက် (၁၁း၅၄)မိနစ်တွင် မြန်မာစစ်တပ်ပိုင်လေယာဉ်တစ်စီးသည် အဘ--- ဘာသာ ရေးဝတ်ပြုရာကျောင်း (နတ်ကိုးကွယ်ရာနေရာ) အနီးတစ်ဝိုက်တွင် ပထမဗုံးတစ်လုံးကြဲချခဲ့သည်။ ဗုံးကြဲသည့်နေရာ သည် နို့ကေးကျေးရွာအုပ်စု၊ အဘ---ကျေးရွာအနီးရှိ တီးအ---၏ရော်ဘာခြံအနီးနားနှင့်ချောင်းဘေးနားတွင် တည်ရှိ သည်။ ဗုံးအစများသည် တီးအ---၏ရော်ဘာပင်များကိုထိမှန်၍ အနည်းငယ်ပျက်စီးသွားခဲ့သည်။ တစ်ချို့ဗုံးအစများသည် အဆိုပါဘာသာရေးဝတ်ပြုရာကျောင်းဝင်းထဲတွင် ကျရောက်ခဲ့သည်။ သို့သော်လည်း မည်သူမှထိခိုက်ဒဏ်ရာရရှိခြင်း မရှိခဲ့ပါ။ ဒုတိယဗုံးတစ်လုံးသည် အဘ---ကျေးရွာထဲတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး စောဘ---၏နေအိမ်ကိုထိမှန်၍ ပျက် စီးသွားခဲ့သည်။ အစပိုင်းတွင် ဗုံးသည် အုန်းပင်ကိုထိမှန်၍ပေါက်ကွဲသွားခဲ့သည်။ ပေါက်ကွဲသွားသည့်ဗုံးအစများသည် စောဘ---၏နေအိမ်နှင့်အနီးနားရှိ နေအိမ် (၈) လုံးကိုလည်းထိမှန်၍ အနည်းငယ်ပျက်စီးသွားခဲ့သည်။ အဘ--- ကျေးရွာ တွင် အခြေခံမူလတန်းကျောင်းရှိသည်။ ထိုကျောင်းတွင် သူငယ်တန်းမှ (၄)တန်းအထိရှိပြီး မကြာသေးမီက (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွား၍) ကျောင်းကိုပိတ်ပင်ခဲ့ရသည်။ စောဘ---

၏သမီးပြောပြချက်အရ ၎င်းတို့သည် (စောဘ---၏မိသားစု) လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်တွင် အိမ်ထဲတွင်ရှိမနေခဲ့ပေ။ မြန်မာစစ်တပ်ပိုင် Y-12 လေယာဉ်တစ်စီးသည် နို့ကေးကျေးရွာအုပ်စုတွင် ဗုံးနှစ်လုံး လာရောက်ကြဲချတိုက်ခိုက်ပြီး နောက်ပိုင်းတွင် စောဘ---၏မိသားစုသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့၌ တနေးချားမြို့နယ်၊ ထို့ကော်ကိုးကျေး ရွာအုပ်စု၊ အဖ--- ကျေးရွာသို့ ထွက်ပြေးပုန်းရှောင်ခဲ့ပြီးဖြစ်သည်။




ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဘားအံခရိုင်၊ တနေးချားမြို့နယ်၊ နို့ကျေးကျေးရွာအုပ်စု၊ အဘ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာစစ်တပ်သည် အဘ---ကျေးရွာကို လေကြောင်းတိုက်ခိုက်ခဲ့သောကြောင့် စောဘ---၏နေအိမ်အား ထိမှန်ပျက်စီးသွားခဲ့သည်။ ပုံတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် စောဘ---၏နေအိမ်ပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

ထိုနေ့တွင်ပင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ နေ့လယ်အချိန်တွင် မြန်မာစစ်တပ်ပိုင် ဂျက်လေယာဉ်တစ်စီးသည် နို့ကျေးကျေးရွာအုပ်စုရှိ အဆ---ကျေးရွာတွင် ဗုံးသုံးလုံးပစ်ချတိုက်ခိုက်ခဲ့သည်။ ဗုံးများသည် အဆ---ကျေးရွာရှိ ဘုန်းကြီးကျောင်းဝင်းထဲတွင် ကျရောက်ပေါက်ကွဲသွားပြီး ဘုန်းကြီးကျောင်းအဆောက်အဦးတစ်လုံးအား ထိမှန်၍ပြိုကျပျက်စီးသွားခဲ့သည့်အပြင် အခြားအဆောက်အဦး (၅)လုံးလည်း ထိမှန်၍အနည်းငယ်ပျက်စီးသွားခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်ကြောင့် ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများရှိသော မိသားစုများသည် အခြားကျေးရွာအုပ်စုရှိ ကျေးရွာတစ်ရွာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အမျိုးသားနှင့်အမျိုးသမီးလူငယ်၊ လူလတ်များသာလျှင် နို့ကေးကျေးရွာအုပ်စုရှိ ကျေးရွာများတွင် ထွက်မပြေးပဲကျန်ရစ်နေထိုင်ကြသည်။ သို့သော် ၎င်းတို့လည်း အကြောက်တရားများနှင့်နေထိုင်သွားလာကြသည်။ ကျေးရွာထဲတွင်ရှိသည့်စာသင်ကျောင်းလည်း ပိတ်ပင်ခဲ့ရသည်။



**KHRG** သည် ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဘားအံခရိုင်၊ တနေးချားမြို့နယ်၊ နို့ကေးကျေးရွာအုပ်စု၊ အဆ---ကျေးရွာတွင် နေထိုင်သည့်ရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာစစ်တပ်ပိုင် ဂျက်လေယာဉ်တစ်စီးသည် အဆ---ကျေးရွာကို လေကြောင်းဖြင့်တိုက်ခိုက်ခဲ့၍ ဘုန်းကြီးကျောင်းအဆောက်အဦးတစ်လုံးနှင့်အနီးနားရှိ အခြားအဆောက်အဦး (၅)လုံးအား ထိမှန်ကာ ပျက်စီးသွားခဲ့သည်။ ပုံတွင် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုကြောင့် ဘုန်းကြီးကျောင်းပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

## မြန်မာစစ်တပ်၏လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသားများ၏အိုးအိမ်ပိုင်ဆိုင်မှုများထိခိုက်ပျက်စီးမှု

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ မနက် (၉)နာရီအချိန်၌ သဃ်န်းညီနောင်စစ်ဗျူဟာကုန်းတွင် အခြေစိုက်သော မြန်မာစစ်တပ်မှ စစ်သားများသည် တနေးချားမြို့နယ်၊ ထီးဝါးဘလောကျေးရွာအုပ်စု၊ အဒ---ကျေးရွာတွင်းသို့ လက်နက်ကြီး (၈၁)မမတစ်လုံးပစ်ခတ်ခဲ့သည်။ ဗုံးသည် နောဆ---၏နေအိမ်အရှေ့တွင် ကျရောက်ပေါက်ကွဲပြီး ဗုံးအစများသည် နော်ဆ---၏အိမ်သွပ်မိုးနှင့်မျက်နှာကျက်၊ နော်ဒ---၏နေအိမ်ခေါင်မိုးနှင့်ဆိုင်ကယ်သုံးစီး၏ဘီးများကို ထိမှန်၍အနည်းငယ်ပျက်စီးသွားခဲ့သည်။ နော်ဒ---၏ပြောပြချက်အရ အခင်းဖြစ်ပွားစဉ်တွင် ၎င်းတို့သည် (နော်ဆ---နှင့်နော်ဒ---) အိမ်အောက်တွင်အခြားလူ(၁၀)ဦးနှင့်အတူ ရှိနေခဲ့သည်။ ကံကောင်းထောက်မစွာဖြင့် မည်သူမှထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ပေ။ မြန်မာစစ်တပ်သည် လက်နက်ကြီးမပစ်ခတ်မီအချိန်တွင် (အဒ---ကျေးရွာမှ) ကျေးရွာအုပ်စုအတွင်းရေးမှူးသည် ဒရုန်းတစ်စီးပျံဝဲလာသည်ကိုတွေ့ရှိပြီး ရွာသားများအား သတိထားနေထိုင်ကြရန်သတိပေးခဲ့သည်။ ထို့နောက် နော်ဆ---နှင့်သူမ၏သားသမီးနှစ်ဦးတို့သည် အခြားနေရာသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ဗုံးသည် သူမ၏အိမ်ရှေ့တည့်တည့်တွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ၎င်းတို့အနေဖြင့် (နော်ဆ---နှင့်နော်ဒ---တို့မိသားစုများသည်) အခြားနေရာသို့ အချိန်မီ မပြောင်းရွှေ့ခဲ့လျှင် ၎င်းတို့အား ဗုံးစထိမှန်၍ဒဏ်ရာရရှိသွားမည်ဖြစ်သည်။ ဤဖြစ်စဉ်ကြောင့် အဒ---ကျေးရွာတွင် နေထိုင်ကြသည့်ရွာသားများသည် ကြောက်ရွံ့သွားပြီး သတိဖြင့်သွားလာနေထိုင်ခဲ့ရသည်။ အခင်းဖြစ်ပွားသည့်နေ့တွင် ရွာသားများသည် ခရစ်စမတ်ပွဲတော်ကိုကျင်းပ၍ ဝတ်ပြုဆုတောင်းပွဲအစီအစဉ်များပြုလုပ်နေသည့်အချိန်ဖြစ်သည်။ သို့သော် အစီအစဉ်များမပြီးဆုံးမီတွင် ၎င်းတို့သည် ထွက်ပြေးပုန်းရှောင်ခဲ့ရခြင်းဖြစ်သည်။ အခင်းဖြစ်စဉ်ဖြစ်ပွားပြီးနောက်တွင် လမ်းမလျှောက်နိုင်ကြသည့်တစ်ချို့ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများကို အခြားနေရာသို့ မြန်မြန်ဆန်ဆန် ပြောင်းရွှေ့ပေးခဲ့သည်။







အထက်ပါဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဘားအံခရိုင်၊ တနေးချားမြို့နယ်၊ ထီးဝါးဘလောကျေးရွာအုပ်စု၊ အဒ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် သဃ်န်းညီနောင်စစ်ဗျူဟာကုန်းတွင် အခြေစိုက်သည့်မြန်မာစစ်တပ်မှ စစ်သားများသည် အဒ--- ကျေးရွာသို့ လက်နက်ကြီး (၈၁)မမတစ်လုံးပစ်ခတ်၍ ကျေးရွာထဲတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ပုံများတွင် လက်နက်ကြီးအစများသည် နော်ဆ--- ၏နေအိမ်ခေါင်မိုးကိုထိမှန်၍ အနည်းငယ်ပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။